ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

# ညွှန်ကြားချက်အမှတ် ၊ ၄/၂၀၁၅
နေပြည်တော် ၊ ၁၃၇၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း(၂) ရက်
၂၀၁၅ ခုနှစ် နိုဝင်ဘာလ( ၁၃ ) ရက်

ဖုန်း - ၀၆၇ -၊ ၄၁၀၅၄၈၊ ၄၁၀၂၅၄ ၊ ၄၁၀၁၉၀ ၊ ဖက်(စ်) - ၀၆၇- ၄၁၀၀၇၁ ၊ ၄၁၀၀၄၇ ၊ အီးမေးလ် - mmse34 @gmail.com

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက်အမှတ်(၄/၂၀၁၅) ကို ထုတ်ပြန်လိုက်သည်။

၂။ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရယူ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ပြည်တွင်းပြည်ပ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအားလုံးသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ ၊ ယင်း၏ နည်းဥပဒေ ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သော အခြားတည်ဆဲ ဥပဒေ၊ လုပ်ထုံး လုပ်နည်း ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရမည်။

၃။ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန် တာဝန် သတ်မှတ်ခြင်း

(က) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ(၈) ၊ ပုဒ်မခွဲ(က) နှင့်အညီ ဗဟိုအဖွဲ့က ပေးအပ်သည့် သတင်းအချက်အလက်များအရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ် အကဲဖြတ်ခြင်းကို ဆောင်ရွက်ရမည်။

(ခ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို ထုတ်ကုန် ၊ ဝန်ဆောင်မှုနှင့် အန္တရာယ်ရှိမှုအပေါ် အခြေပြု၍ သင့်လျော်သည့်အချိန်တွင်ဆောင်ရွက်ရမည်။

(ဂ) အောက်ပါအခြေအနေများတွင် ဆက်သွယ်ဆောင်ရွက်သူများအပေါ် အလေးထား စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အထူးဂရုပြုဆောင်ရွက်ရမည်-

(၁) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စတင် တည်ထောင် သောအခါ အစုရှယ်ယာထည့်ဝင်သူများ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ပြစ်မှုများတွင် ကျူးလွန်ခြင်း ၊ ပါဝင်ပတ်သက်ခြင်း ၊ အားပေးခြင်းတို့တွင် ပါဝင်ပတ်သက်မှုများ မရှိစေရန် အလေးထား စိစစ်ရမည်။ စိစစ်ချက်အား လိုင်စင်လျှောက်ထားမှုတွင် ပူးတွဲ တင်ပြရမည်။

(၂) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုသည် ပြည်တွင်း ၊ ပြည်ပ ရှိ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် အခြားငွေရေးကြေးရေး

အဖွဲ့အစည်း ၊ စီးပွားရေး အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖက်စပ်ကုမ္ပဏီ အဖြစ် ဆောင်ရွက်ရာတွင် ပူးပေါင်းမည့် ပုဂ္ဂိုလ် ၊ အဖွဲ့အစည်းသည် ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း အပါအဝင် အခြားသော ပြစ်မှုများ ကျူးလွန်ခြင်း ၊ ပါဝင်ပတ်သက်ခြင်း ၊အားပေးအားမြှောက်ပြုခြင်း တို့တွင် ပါဝင်ခဲ့သဖြင့် အရေးယူခံရခြင်း ၊ တရားရုံးမှ ပြစ်ဒဏ် ချမှတ်ခံရသူ အဖွဲ့အစည်းများ မဖြစ်စေရေး အလေးထား စိစစ်ရမည်။စိစစ်ချက်အား ပူးတွဲ တင်ပြရမည်။

(၃) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပြည်တွင်း ၊ ပြည်ပ အဖွဲ့အစည်းများထံမှ အလှူငွေ ၊ ထောက်ပံ့ငွေ ၊ ချေးငွေများ ရယူရာတွင် ၎င်း အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းနှင့် သက်ဆိုင်သော ပြစ်မှုကျူးလွန်ခြင်း ၊ ပါဝင်ပတ်သက် ခြင်း ၊ အားပေးအားမြှောက် ပြုခြင်းတို့တွင် ပါဝင်မှု မရှိသော အဖွဲ့အစည်း ဖြစ်စေရေး အလေးထား စိစစ်ရမည်။ စိစစ်ချက်အား ထောက်ပံ့ငွေ ၊ ချေးငွေ ရယူခွင့် တင်ပြသောအခါ ပူးတွဲ တင်ပြရမည်။

(ဃ) ငွေကြေးခဝါချမှု ဥပဒေ ၊နည်းဥပဒေ ၊ ငွေကြေးခဝါချမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက သတ်မှတ်ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက် များနှင့်အညီ သက်ဆိုင်ရာ အဖွဲ့အစည်းသို့ သတင်းပို့ရန် သတ်မှတ်သည့် ငွေကြေး ပမာဏ လုပ်ဆောင်ချက်များအား သတ်မှတ်ပုံစံအတိုင်း သတင်းပို့ တင်ပြရမည်။ သတင်းပို့ တင်ပြတိုင်း ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေး ရေးဦးစီးဌာနသို့ မိတ္တူ ပေးရမည်။

(င) မိမိနှင့်ဆက်သွယ်ဆောင်ရွက်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း ၊ မိမိ ဖောက်သည် များ၏ ဆောင်ရွက်ချက်သည် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့များက သတင်းပို့ရန် သတ်မှတ်သည့် ငွေကြေးပမာဏ မဟုတ်သော်လည်း သံသယဖြစ်ဖွယ် အခြေအနေ များ တွေ့ရှိပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သော အာဏာပိုင် အဖွဲ့များသို့ ချက်ချင်း အသိပေး တင်ပြရမည်။

(စ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြဿနာများကို အလေးထား စောင့်ကြည့် အကဲဖြတ် ရန်နှင့် အချိန်မီဖြေရှင်း ဆောင်ရွက်နိုင်ရန် အဆင့်မြင့် စီမံခန့်ခွဲမှု အဖွဲ့ဝင် တစ်ဦး ဦးဆောင်သည့်အဖွဲ့အား ဖွဲ့စည်းထားရှိရမည်။

(ဆ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ဆိုင်သော ပြစ်မှုများအား ကျူးလွန်ပါက အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ၊

ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သော အခြားတည်ဆဲ ဥပဒေ ၊ နည်းဥပဒေ ၊ အမိန့်နှင့် ညွှန်ကြားချက်များတွင် ဖော်ပြထားသော သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူ ဆောင်ရွက်မည် ဖြစ်သည်-

(၁) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ၎င်းအဖွဲ့အစည်းတွင် ပါဝင်သော အဖွဲ့ဝင်များ ၊ ဝန်ထမ်းများသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းအား ကျူးလွန်ခြင်း ၊ ပါဝင်ပတ်သက်ခြင်း ၊ အားပေး အားမြှောက်ပြုခြင်း၊

(၂) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုသည် ၎င်းနှင့် လုပ်ငန်း ပူးပေါင်း ဆောင်ရွက်သော ပြည်တွင်းပြည်ပ အသေးစားငွေရေးကြေး ရေးအဖွဲ့အစည်း ၊ ငွေရေးကြေးရေးအဖွဲ့အစည်း ၊ စီးပွားရေးအဖွဲ့အစည်း ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်း ၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်း အသင်းဝင်များအား ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ ခြင်းကိစ္စများတွင် ပါဝင်ပတ်သက်မှု ရှိ ၊ မရှိကို အလေးထား စိစစ်ရန် ပျက်ကွက်ခြင်း ၊ စိစစ်ချက်အား လိမ်လည် ၊ ဖုံးကွယ် ၊ တင်ပြခြင်း အပါအဝင် မသင့်မလျော်သော ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များ ဆောင်ရွက်ခြင်း၊

(၃) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက သတ်မှတ်ပြဋ္ဌာန်းထားသော ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် သတင်းပို့တင်ပြရန် သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၄။ အထက်ပါ သတ်မှတ်ချက်များကို စျေးကွက်အခြေအနေနှင့် အညီ လိုအပ်ပါက ပြင်ဆင် သတ်မှတ်ပေးသွားမည် ဖြစ်သည်။

ဝင်းရှိန်

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက-၁/၆( ၁၄၅ /၂၀၁၅)

ရက်စွဲ ၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်

**ဖြန့်ဝေခြင်း**

ဥက္ကဋ္ဌ ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များအားလုံး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

နေပြည်တော်ကောင်စီ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများအားလုံး ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

( မြင့်ဦး )

တွဲဖက်အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ